
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
သွေးမျက်ရည်

အောင်မြတ်သာတို့ ဆရာတော် မိန့်တော်မူတဲ့ လက်ပံတောရွာကို ရောက်တော့ ညနေစောင်းနေပြီ။ ညနေ လယ်သိမ်း ယာသိမ်းချိန် ဆိုတော့ လယ်ထဲယာထဲက ပြန်လာတဲ့ သူတွေနဲ့ လက်ပံတောရွာ အဝင်လေးက လူစည်ကား နေခဲ့တယ်။ အောင်မြတ်သာတို့ လည်း ရွာထဲကို ဝင်လာရင်း ဘေးဘီဝဲယာကို လှမ်းအကဲခတ် လိုက်တယ်။ ဆရာတော်ပြောတဲ့ သွေးမျက်ရည်ကျတဲ့ အိမ်ကို သိဖို့ ထက် ဒီရွာမှာ ပညာသည် ရှိမရှိ အရင် သိအောင်လုပ်ဖို့ လိုအပ်တယ် မဟုတ်လား။

ဘေးဘီကို ကြည့်ရင်း တဖြည်းဖြည်း လျှောက်လာတာ ရွာထဲကို အတော်အသင့် ရောက်လာခဲ့တယ်။ ရွာခံတွေကတော့ ယောဂီဝတ်စုံနဲ့ ဝင်လာတဲ့ ဧည့်သည် တွေကို တစေ့တစောင်း အကဲခတ် နေကြတယ်။ အောင်မြတ်သာလည်း ဖြည်းဖြည်းချင်း လျှောက်လာရင်း အိမ်တစ်အိမ်ရှေ့ ရောက်တော့ ခြေလှမ်းက တုံ့ခနဲ ရပ်သွားတယ်။ အောင်မြတ်သာ ရပ်လိုက်တာကို မြင်တဲ့ သက်ခိုင်က အရိပ်အကဲကို သဘောပေါက်သည့်အလား အောင်မြတ်သာကို လှမ်းကြည့် လိုက်တယ်။

အောင်မြတ်သာက သက်ခိုင်ကို ခေါင်းညိတ်ပြလိုက်တော့ သက်ခိုင်က လွယ်အိတ်ထဲက လေးကွက်အင်း တစ်ရွက်ကို ထုတ်ပြီး အိမ်ဝိုင်းထဲကို မသိမသာလေး ပစ်ထည့်လိုက်တယ်။

သက်ခိုင် ပစ်ထည့်လိုက်ပေမဲ့ လေးကွက်အင်းက တစ်စုံတစ်ခုနဲ့ ထိပြီး ကန်ထွက်လာတာ တွေ့လိုက်ရတယ် ဘာနဲ့ ထိလဲဆိုတာတော့ အကောင်အထည် မမြင်ရ လေးကွက်အင်းက သက်ခိုင်အရှေ့ကို ပြန်ရော

က် လာခဲ့တယ်။

သက်ခိုင်လည်း အရှေ့မှာ ကျနေတဲ့ လေးကွက်အင်းကို ပြန်ကောက် အပြီးမှာ တော့ အိမ်ဝိုင်းထဲကနေ အမဲလိုက်ခွေး နှစ်ကောင်က ရုတ်တရ က် ပြေးထွက် လာခဲ့တယ်။ သက်ခိုင် အနောက်ကို ခြေလှမ်းအနည်းငယ် ဆုတ်လိုက်ပြီး ဝင်ဆွဲပါက ခုခံရန် အနားမှာ ရှိနေတဲ့ ခဲတစ်လုံးကို ကောက်ထားလိုက်တယ်။

အမဲလိုက် ခွေးနှစ်ကောင်က အောင်မြတ်သာကို ကြည့်ပြီး သဲကြီးမဲကြီး ဟောင်နေပေမဲ့ ဝင်တော့ မဆွဲကြဘူး။

အဲဒီအချိန် အိမ်ထဲကနေ အသက်၄၀အရွယ် ယောကျ်ား တစ်ယော က် ထွက်လာခဲတယ်။

အရပ်မြင့်မြင့် အသားညိုညိုနဲ့ လူက အောင်မြတ်သာကို ခြေဆုံး ခေါင်းဆုံး ကြည့်ပြီး

"ဒီက မိတ်ဆွေတို့ ဘယ်သွားကြမလို့ လဲ ကျုပ်က ရန်သူမဟုတ်ပါဘူး ကျုပ်အိမ်က ခွေးတွေက သူစိမ်းဆို အခုလိုပဲ ဟောင်နေကြ မိတ်ဆွေတို့ က မျက်နှာစိမ်း ဖြစ်နေတာလည်း ပါတာပေါ့"လို့ ပြောတော့ အောင်မြတ်သာက

"ကျုပ်တို့ က ဒီရွာကို ဆရာတော်တစ်ပါး လွှတ်လိုက်လို့ ရောက်လာတာ ဒီကရွာသူကြီးနဲ့ တွေ့ချင်ပါတယ်" လို့ ပြောလိုက်တော့ အသားညိုညိုနဲ့ လူက

"သူကြီးနဲ့ တွေ့ချင်ရင် ဒီကနေ တည့်တည့်သာ ဆက်သွား အရှေ့ရောက်ရင် ရေနံချေး သုတ်ထားတဲ့ နှစ်ထပ်အိမ် မည်းမည်းတစ်လုံး တွေ့လိမ့်မယ် အဲဒါ သူကြီးဘညွန့်အိမ်ပဲ" လို့ ပြောတော့ အောင်မြတ်

သာက

"ကျေးဇူးပဲဗျာ နောက်မှ တွေ့ကြတာပေါ့" လို့ ပြောရင်း ရွာထဲကို ဆက်ထွက်ခဲ့ကြတယ်။

အောင်မြတ်သာတို့ ထွက်သွားတော့ အသားညိုညိုနဲ့ လူက အိမ်ကို နောက်ပြန်ကြည့်ပြီး ဖနောင့်သုံးချက် ပေါက်လိုက်တာကို သက်ခိုင် အမှတ်မထင် တွေ့သွားခဲ့တယ်။

အောင်မြတ်သာတို့ လည်း သူကြီးအိမ်ရောက်လို့ အကျိုးအကြောင်း ပြောပြတော့ သူကြီးက

"ဆရာတော်ပြောတဲ့ မိန်းကလေးက ကျုပ်ရဲ့ သမီးပဲ ကျုပ်သမီးက အခုဆို အိမ်ထဲက အိမ်ပြင်တောင် မထွက်ရဲတော့ဘူး သူ့မျက်လုံးတွေက အမြဲတမ်းလိုလို နီရဲနေတာ တစ်ရက်မှာ တစ်ခါ မျက်ရည်မကျရင် မျက်လုံးနှစ်ဖက်က ဖွင့်မရတော့ဘူး ငိုလိုက်ရင်တော့ သက်သာသွားတယ် သူငိုရင်လည်း မျက်လုံးထဲကနေ သွေးနဲ့ တူတဲ့ နီရဲရဲ အရည်တွေ ကျလာတာပဲ၊ ကျုပ်လည်း ဆရာတွေ တော်တော်များများ နဲ့ ကုပြီးပြီ၊ အခုထိ မကောင်းသေးဘူး ဒီကဆရာလေးတို့ ကို ဆရာတော်က လွှတ်လိုက်တယ်ဆိုတော့ ကျုပ်သမီးလေး ရောဂါပျောက်ဖို့ မျှော်လင့်ချက် သမ်း လာပြီပေါ့ဗျာ" လို့ ပြောရင်း မျက်လုံးအိမ်ထဲက ကျလာတဲ့ မျက်ရည်စတွေကို လက်ခုံနဲ့ လှမ်းသုတ်လိုက်တယ်။

အောင်မြတ်သာလည်း အိမ်ခန်းထဲမှာ ရှိနေတဲ့ မိန်းကလေးကို ခေါ်ခိုင်းလိုက်ပြီး ဘုရားစင်ရှေ့မှာ ထိုင်ခိုင်း လိုက်တယ်။

ဘုရားစင်ရှေ့ ရောက်လာတဲ့ မိန်းကလေးကို ကြည့်လိုက်တော့ အသက် ၂၀ ဝန်းကျင်ပဲ ရှိဦးမယ်။ မျက်လုံးတစ်ခုလုံး မို့အစ်နေပြီး မျက်ရည်ခံနေရာ တစ်လျှောက်မှာ တော့ နီရဲရဲ အရောင်တွေ သန်းနေတာကိုလည်း

မြင်လိုက်ရတယ်။

အောင်မြတ်သာကို မြင်တော့ ကလေးမလေးရဲ့ မျက်နှာက ရတ်တရက် ဆိုသလို နီရဲလာတာကို တွေ့လိုက်ရတယ်။ အောင်မြတ်သာလည်း သောက်ရေတစ်ခွက် ခပ်ခိုင်းပြီး မန်းလိုက်တယ်။ အောင်မြတ်သာ ရေမန်းနေတဲ့ အချိန်မှာ မိန်းမလေးက လှုပ်လှုပ်ရှားရှား ဖြစ်လာခဲ့တယ်။ မျက်လုံးထဲကနေလည်း သွေးရည်နဲ့ တူတဲ့ မျက်ရည်တွေ ကျလာခဲ့တယ်။

အောင်မြတ်သာလည်း ရေကိုပြီးအောင် မန်းပြီး ကောင်မလေးရဲ့ မျက်နှာကို လှမ်းတောက် လိုက်တယ်။ ရေမန်းနဲ့ ထိလိုက်တာနဲ့ ကောင်မလေးက ရတ်တရက် ဆိုသလို ဆောင့်ကြောင့် ထထိုင်လိုက်ပြီး သူကြီးကို မျက်ထောင့်နီနဲ့ စိုက်ကြည့်ပါလေရော။

ကောင်မလေးရဲ့ အမူအရာက ရတ်တရက် ဆိုသလို ရန်မူတော့မယ့် အနေအထား ဖြစ်သွားတာကို မြင်တော့ အောင်မြတ်သာက

"ဆိုင်ရာ ပိုင်ရာတွေ ခဏ ချုပ်ထားဦး ကျုပ် မေးစရာတွေ ရှိသေးတယ် ကျုပ် ခွင့်မပေးမချင်း ချုပ်ထားတာ မလွှတ်နဲ့ " လို့ အမိန့်ပေးလိုက်တော့ မျက်ထောင့်နီနဲ့ ကြည့်နေတဲ့ မိန်းကလေးက ခေါင်းငိုက်စိုက် ကျသွားပြီး ဇက်ကျိုး သွားတယ်။

အောင်မြတ်သာလည်း မိန်းကလေးကို ကြည့်ပြီး

"သင်ဘယ်သူလဲ ဘာကြောင့် ဒီလိုလုပ်ရတာလဲ" လို့ မေးတော့ မိန်းကလေးက အံကြိတ်ပြီး

"ငါကသေလူပဲ ငါတစ်ခါ သေပြီးပြီ နောက်ထပ် သေမှာ ကို မကြောက်တော့ဘူး ငါသေရသလို သူတို့ လည်း သေရမယ် ငါ့ကိုယ်ထဲကနေထွက်တဲ့ သွေးစက်တွေက သူအရမ်းချစ်ရတဲ့ သူ့သမီး မျက်လုံးထဲကနေ အ

ခုထွက်နေတာ သူသိရင် ဘယ်လိုနေမလဲ ဟားဟားဟား ဘညွန့်ဆိုတဲ့ လူယုတ်မာ မင်းသမီးရဲ့ ကိုယ်ထဲမှာ ငါရှိနေတယ် မင့်သမီးကို အချိန်မရွေး သတ်လိုက်လို့ ရတယ် မင့်ခံစားရအောင် တမင်လုပ်ထားတာ အခုတော့ ငါဘယ်သူဆိုတာ ဒီက အနှောင့်အယှက် ကောင်တွေကြောင့် မင်းသိသွားပြီ ဒီနေ့မှာ ပဲ မင်း အရမ်းချစ်တဲ့ မင့်သမီး ဘယ်လိုခံစားပြီး သေမလဲ ဆိုတာ စောင့်ကြည့်ထား" လို့ ပြောပြီး တဟားဟားနဲ့ ရီပါလေရော ။

အောင်မြတ်သာလည်း သက်ခိုင်ကို ကြည့်ပြီး

"ဒီကိစ္စက ပုဂ္ဂိုလ်ရေးတွေ ပါနေတယ် ရွာထဲကလူတွေကို သွားခေါ်လာခဲ့ အားလုံးရှေ့မှာ ဖြစ်ကြောင်းကုန်စင် သိအောင် မေးရမယ်" လို့ ပြောတော့ သက်ခိုင်က ခေါင်းညိတ်ပြပြီး အိမ်ပေါ်က ဆင်းသွားတယ်။

သက်ခိုင် ဆင်းသွားတော့ ရွာသူကြီးက အောင်မြတ်သာကို ကြည့်ပြီး

"ဆရာလေး ကျုပ်သမီးကို ကယ်ပါဦး ဆရာလေးတို့ ကုနိုင်တာ သိပါတယ် အခုကျုပ်သမီးကို ဝင်ပူးနေတဲ့ ကောင် ပြောတာ မယုံနဲ့ ကျုပ်သမီးကို အရင်ဆုံး ကုပေးပါ" ဆိုပြီး တဖွဖွပြောနေပေမဲ့ အောင်မြတ်သာက ဘာတစ်ခွန်းမှ မပြောပဲ မျက်လုံးကို စုံမှိတ်ထားလိုက်တယ်။